ရန်ကုန် နှလုံး၊ ဦးနှောက်နှင့်အာရုံကြော အထူးကုဆေးရုံသစ်ကြီး
ပန်ဇက်တင်မင်္ဂလာ အခမ်းအနားတွင်
ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေး ပြောကြားခဲ့သော
အဖွင့်မိန့်ခွန်းမှ ကောက်နုတ်ချက်များ

ရန်ကုန်မြို့၊ ဧပြီလ (၂၈)ရက်၊ ၂၀၁၉ ခုနှစ်

- ယနေ့အခမ်းအနားကို ကြွရောက်လာကြသော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ JICA အဖွဲ့မှတာဝန်ရှိသူများနှင့် တက်ရောက်လာသူ အားလုံး တစ်ဦးတစ်ယောက်မကျန် မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါကြောင်း၊
- ဒီနေ့ကတော့ ဆရာတို့အားလုံးသိတဲ့အတိုင်း Groundbreaking ceremony of the project for the construction of New Yangon Specialist Hospital ဖြစ်ပါတယ်၊ ပထမဦးဆုံးအနေနဲ့ ကျွန်တော်ပြောချင်တာကတော့ အသက်ကြီးတဲ့လူတွေအားလုံး ကျွန်တော်အပါအဝင် လူနာများအတွက် ဒီဆေးရုံကြီးဆောက်ခြင်းဟာ အလွန်အကျိုးရှိမှာဖြစ်ကြောင်း၊ လူနာတွေကိုယ်စား ဂျပန်နိုင်ငံသံအမတ်ကြီးနှင့် JICA ကို အထူးကျေးဇူးတင်ပါကြောင်း၊
- ယခုကဲ့သို့ နှလုံး၊ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ ဆေးပညာရပ်အပါအဝင် ကုသရေးကဏ္ဍကြီးတစ်ခုလုံး ပိုမိုတိုးတက်ကောင်းမွန်စေမည့် အထူးကုဆေးရုံသစ်ကြီး တည်ဆောက်နိုင်ရန်အတွက် အဘက်ဘက်မှ အပတ်

တကုတ် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊

- ဆေးရုံသစ်ကြီးပြီးစီးပါက လူနာများအနေဖြင့် သက်တောင့်သက်သာဖြင့် ပိုမိုကျယ်ဝန်း သန့်ရှင်းသပ်ရပ်သော ဆေးရုံကြီးတွင် ကုသမှုခံယူနိုင်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးသူ ဆရာဝန်၊ သူနာပြုနှင့် ကုသမှုအထောက်အကူပြုပညာရှင်များ အားလုံးသည်လည်း ကောင်းမွန်ခေတ်မီသော ဆေးရုံသစ်ကြီးတွင် ဆေးပစ္စည်းကိရိယာစုံလင်စွာဖြင့် လုပ်ငန်းဆောင်ရွက်နိုင်ခြင်း၊ ဘွဲ့ကြိုနှင့် ဘွဲ့လွန်ဆေးနှင့်ဆေးနီးနွယ်ပညာ သင်ကြားသင်ယူမှုလုပ်ငန်းများ ပါဆောင်ရွက်နိုင်ခြင်း စသည်ဖြင့် များစွာသော အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊
- သူနာပြုတွေလာလေ့လာမယ်၊ ဆရာဝန်တွေလေ့လာမယ်၊ ဆေးကျောင်းသားတွေ လာလေ့လာမှာဖြစ်တဲ့အတွက် ကျွန်တော်တို့နိုင်ငံအတွက် ဘက်စုံကနေပြီးတော့ အကျိုးရှိမှာဖြစ်ကြောင်း၊
- ယခုဆေးရုံသစ်ကြီး တည်ဆောက်ဆဲကာလတွင်လည်း ဝန်ကြီးဌာနမှ အင်ဂျင်နီယာပညာရှင်များအနေဖြင့် ဂျပန်နိုင်ငံမှ ပညာရှင်များ၏ ခေတ်မီအဆင့်မြင့် ဆေးရုံပုံစံရေးဆွဲမှုအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကိုလည်း လေ့လာနိုင်သည့် အခွင့်အရေးရရှိနိုင်မည်ဖြစ်ပါကြောင်း၊
- အမှန်အတိုင်းပြောရမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံမှာ ဆေးရုံဆိုင်ရာဗိသုကာပညာရှင် (Hospital Architect) ဆိုတာမရှိပါဘူး၊ ဒီမှာ Hospital Architect တွေဆွဲတယ်၊ အင်ဂျင်နီယာပညာရှင်တွေ သူတို့ဘယ်လိုလုပ်လဲဆိုတာ ကျွန်တော်တို့ အမြင်တ်ရအောင် ယူမယ်ဆိုရင် နောက် နှစ်(၅၀)၊ နှစ်(၆၀) မှာဘယ်လိုလုပ်မယ်ဆိုတာ အကုန် သိမှာဖြစ်ကြောင်း၊
- ဂျပန်နိုင်ငံဟာ technology မှာ ကမ္ဘာမှာနံပါတ် (၁)နီးပါးလောက် ပြောလို့ရတဲ့အတွက် ဒီဆောက်လုပ်ရေးအပိုင်းမှာလည်း သူတို့သည် နောက်ဆုံးပေါ်

ခေတ်မီပုံစံ၊ စဉ်းစားပုံ စဉ်းစားနည်း အားလုံးပါမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ အင်ဂျင်နီယာတွေကို ဒီအခွင့်အရေးကို ရအောင်ယူစေချင်ပါကြောင်း၊

- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ရည်ရွယ်ချက် (၂)ခုမှာ လူတိုင်း သက်တမ်းစေ့နေနိုင်ရေး၊ လူတိုင်းရောဂါဘယကင်းရှင်းရေး ရည်မှန်းချက် ပြည့်မီရေးအတွက် ပြည်သူ့ကျန်းမာရေးကဏ္ဍမှ အမျိုးသားစီမံကိန်း (၂၀၁၇ –၂၀၂၁) နှင့်အညီ မဟာဗျူဟာစီမံကိန်းများချမှတ် ဆောင်ရွက်နေသကဲ့သို့ လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေထိုင်ရေး ရည်မှန်းချက်ပြည့်မီရေး အတွက် ကုသရေးကဏ္ဍမှ အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခုဆေးရုံသစ်ကြီးသည် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊
- နံပါတ် (၁) objective ကိုလုပ်ဖို့ဆိုရင် ဒီဆေးရုံကြီးကအရမ်းအရေးကြီးပါတယ်၊ ဒါကို ဂျပန်အစိုးရအနေနဲ့လည်းကောင်း၊ JICA အနေနဲ့လည်းကောင်း သိမယ်ဆိုရင် ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ အဓိက objective (၂) ခုထဲက တစ်ခုကို ပြည့်မီရရှိဖို့အတွက်ကို ဂျပန်အစိုးရအဖွဲ့က အကူအညီပေးတာ သိခြင်းအားဖြင့် သူတို့လည်း appreciate လုပ်မည်လို့ထင်ပါကြောင်း၊
- ပြည်သူများ ပိုမိုအရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများကို ရရှိစေရန်အတွက် အထူးကုသမှုစင်တာများ၊ အထူးကြပ်မတ် ကုသမှုနှင့် နှလုံးရောဂါကြပ်မတ်ကုသမှု တွဲဖက်ဌာန (ICU and CCU) များ အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအထူးကုဆေးရုံသစ်ကြီးလည်း အရေးပါသောဌာနကြီးအဖြစ် ပါဝင်လာမည်ဖြစ်ပါကြောင်း၊
- ဒီဆေးရုံကြီးဖြစ်လာရင် Cardiology နှင့် Neurology field တွေမှာ ကျွန်တော်တို့ရဲ့ ဆေးကျောင်းသားတွေ၊ AS တွေ၊ SAS တွေအတွက် အလွန်အကျိုးရှိမှာဖြစ်ကြောင်း၊ ကျွန်တော်ဝန်ကြီးစဖြစ်ကတည်းက ကျွန်တော်တို့နိုင်ငံမှာ center တွေ ထူထောင်ချင်ပါကြောင်း၊ Hepatic center, Renal center, Cardiology center, Neurology center မျိုး ဒီဆေးရုံကြီးကို National center ကြီးဖြစ်လာဖို့ ရည်ရွယ်ပါကြောင်း၊

- ဓာတ်ခွဲခန်းအပိုင်းမှာလည်း NHL က တာဝန်ရှိတဲ့သူတွေကလည်း ဘယ် ပစ္စည်းတွေ ဘယ်ဝယ်ရမလဲ၊ ဝန်ကြီးရုံးမှာရှိတဲ့ procurement distribution ကလည်း ဘယ်ပစ္စည်းတွေဝယ်ရမယ်၊ ဒါတွေကို ကျွန်တော်တို့ သေသေ ချာချာ သုံးသပ်နေပါကြောင်း၊ ပစ္စည်းဝယ်တဲ့အခါမှာလည်း မဝယ်သင့်တဲ့ ပစ္စည်း၊ ဈေးပိုပေးရတဲ့ပစ္စည်းဖြစ်ရင် ကျွန်တော်တို့နိုင်ငံဟာ အရမ်းဆုံးရှုံး ပါကြောင်း၊
- ကျွန်တော်တို့နိုင်ငံမှာ ကြည့်လိုက်မယ်ဆိုရင် ၂၀၁၈ ခုနှစ်မှာ inpatient ပေါင်း (၃)သန်း၊ outpatient ပေါင်း (၁၇)သန်းရှိပါကြောင်း၊ တဖြည်းဖြည်း များလာပါတယ် ဒါကောင်းတဲ့လက္ခဏာတော့ မဟုတ်ပါဘူး၊ ဘာလို့များ လာလဲဆိုတော့ ပြည်သူ့ကျန်းမာရေး၏ ဝန်ဆောင်မှု public health activity ဟာ သိပ်ပြီး top-notch မဖြစ်သေးလို့ပါ၊ public health activity ကောင်းလာ မယ်ဆိုရင် ဒီရောဂါရဲ့ disease burden က ကျသွားမည်ဖြစ် ပါကြောင်း၊
- လူဦးရေများလာသလို disease burden များလား/ မများလားဆိုတာ စဉ်းစားရပါမယ်၊ လူဦးရေတက်လာပြီးတော့ ရောဂါကျလာလို့ရှိရင် အလွန် ကောင်းတဲ့ လက္ခဏာဖြစ်ပါကြောင်း၊
- မြန်မာနိုင်ငံတွင် ပြည်သူများ၏ နေထိုင်မှုပုံစံများ ပြောင်းလဲလာခြင်း၊ အသက်အရွယ်ကြီးရင့်သူ အရေအတွက်များပြားလာခြင်းကြောင့် နှလုံးနှင့် သွေးကြောရောဂါများ၊ လေဖြတ်ခြင်း အပါအဝင် ဦးနှောက်နှင့် အာရုံကြော ရောဂါများ အစရှိသည့် မကူးစက်တတ်သောရောဂါများ ဖြစ်ပွားမှုမှာလည်း များပြားလာပါကြောင်း၊
- ဆေးရုံသစ်ကြီးပြီးစီးပြီးနောက် နှလုံးရောဂါဆေးပညာ(Cardiology)၊ နှလုံး ခွဲစိတ်ကုသမှုပညာ (Cardiac Surgery)၊ ဦးနှောက်နှင့်အာရုံကြော ဆေးကု သမှုပညာ (Neurology)၊ ဦးနှောက်နှင့်အာရုံကြော ခွဲစိတ်ကုသမှုပညာ (Neurosurgery) ဌာနများဖြင့် ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက် မှုပေးနိုင်မည်ဖြစ်ကြောင်း၊

- ကျွန်တော်တို့အနေနဲ့ NCD ကို ကြည့်လိုက်မယ်ဆိုရင် သေဆုံးမှုနှုန်းမြင့်လာပါတယ်၊ ဒီဆေးရုံကြီးသာပေါ်လာရင် NCD အဖြစ်များသော်လည်း သေဆုံးမှုကိုချနိုင်မည်ဖြစ်ကြောင်း လုံးဝယုံကြည်ပါကြောင်း၊
- နိုင်ငံတကာအဆင့်မီ နှလုံး၊ ဦးနှောက်နှင့် အာရုံကြောအထူးကုဆေးရုံကြီးဖြစ်လာမည်ဖြစ်သော အထူးကုဆေးရုံသစ်ကြီးသည် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးနှင့် သူနာပြုတက္ကသိုလ်ကြားရှိ မြေနေရာ (၅၆၂.၅) ဧကတွင် ဆောက်လုပ်မည်ဖြစ်ပါကြောင်း၊
- ဆေးရုံသစ်ကြီး တည်ဆောက်လည်ပတ်ဆောင်ရွက်နိုင်ရန်အတွက် ဂျပန်နိုင်ငံအစိုးရက ဂျပန်ယန်းငွေ (၈.၆) ဘီလီယံခန့်အား ထောက်ပံ့ကူညီမည်ဖြစ်ကာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ မြန်မာကျပ်ငွေ (၄၂) ဘီလီယံခန့် ကျခံသုံးစွဲ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊
- ဂျပန်နိုင်ငံသံအမတ်ကြီးနှင့် JICA ကိုပြောချင်တာကတော့ ဒီဆေးရုံအသစ်ကြီးမှာ တပ်ဆင်မယ့် ပစ္စည်းတွေကို ဒီနှစ်မှာဝယ်လို့ရပါတယ်၊ ဒါပေမယ့် ပစ္စည်းတွေဝယ်ထားပြီးတော့ ဆေးရုံမပြီးသေးရင် ဒီပစ္စည်းတွေကို ဘယ်မှာသွားထားမလဲ၊ ဝယ်ပြီးတဲ့ပစ္စည်းတွေကို ကျွန်တော်က ကုမ္ပဏီလက်ထဲမှာလည်း မထားချင်ဘူး၊ မဟုတ်တဲ့နေရာလည်း မထားချင်ဘူး၊ ဆောက်တဲ့နေရာမှာ ကျွန်တော်တို့ စက်ပစ္စည်း equipment ကိုထည့်နိုင်ပြီဆိုရင် ချက်ချင်းဝယ်ပါမယ်၊ မဝယ်နိုင်ဘူးဆိုရင် နောက်နှစ် ၂၀၁၉ ဘတ်ဂျက်မှာ တင်ဒါစပြီးခေါ်ပါမယ်၊ အဲလိုလုပ်ထား တယ်ဆိုတာ အသိပေးပါကြောင်း၊
- ဆေးရုံသစ်ကြီးတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆေးရုံပုံစံရေးဆွဲခြင်းမှစ၍ အသေးစိတ် စနစ်တကျ အစီအစဉ်များ ချမှတ်ထားရှိသည်ကို တွေ့ရှိရပါကြောင်း၊
- ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပံ့ပိုးဆောင်ရွက်နေမှုကိုလည်း ကျေးဇူးတင်ရှိပြီး ဆက်လက်ပံ့ပိုးဆောင်ရွက်ပေးစေလိုပါကြောင်း၊ ကျွန်တော်တို့က ဗဟိုမှာနေတဲ့အခါကျတော့ အကုန်လုံးလုပ်လို့မရပါဘူး၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးဌာနမှူး၊ ဝန်ကြီးချုပ်တို့အဖွဲ့ကလည်း ကြီးကြပ်ပြီး

တော့ အမြန်ဆုံးပြီးအောင်နဲ့ လိုအပ်တာကို ကျွန်တော်ကိုအကြောင်းကြားရင် ဗဟိုကနေပြီး ချက်ချင်း အားလုံးလုပ်ပေးမည်ဖြစ်ကြောင်း၊

- ဂျပန်နိုင်ငံအစိုးရနှင့် မြန်မာနိုင်ငံတို့အကြား ကျန်းမာရေးကဏ္ဍတွင် ကာလတာရှည် ရင်းနှီးချစ်ကြည်စွာပူးပေါင်းဆောင်ရွက်ခဲ့မှုများစွာရှိခဲ့ပြီး လားရှိုး၊ လွိုင်ကော်၊ မကွေးနှင့် ထားဝယ် ဆေးရုံကြီးများကို အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများလည်း ဆောင်ရွက်ပေးလျက်ရှိတဲ့အတွက် ဂျပန်အစိုးရကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကိုယ်စား၊ မြန်မာနိုင်ငံပြည်သူများရဲ့ ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊
- အထူးကုဆေးရုံသစ်ကြီးပြီးစီးပါက ကုသမှုများနှင့် ဆေးနှင့်ဆေးနှီးနွယ်သင်ကြားသင်ယူမှုများ ပိုမိုလုပ်ဆောင်နိုင်မည်ဖြစ်ပြီး ပြည်သူများအတွက် အလွန်အကျိုးရှိမည်ဖြစ်ကြောင်း၊

ပြောကြားခဲ့ပါသည်။